# 4 အထက်တန်းကျောင်း

အထက်တန်းကျောင်းကို"ကိုကိုး"ဟုခေါ်သည်။ ၉၀%သောဂျပန်လူမျိုးသည် အထက်တန်းကျောင်းသို့ ဆက်လက်ပညာသင်ယူကြသည်။ မူလတန်း၊ အလယ်တန်းနှင့် အလားတူ နိုင်ငံအစိုးရပိုင်၊ ဒေသအစိုးရပိုင်၊ ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းပိုင်ကျောင်းဟူ၍ ၃မျိုးရှိသည်။ ဒေသအစိုးရကျောင်းသည် မိမိနေထိုင်သောနယ်ပယ်ပေါ်မူတည်ပြီး တက်လိုသောကျောင်းတွင် သက်မှတ်ချက်တချို့ရှိသည်။

အထက်တန်းကျောင်းသည်မတက်မနေစနစ်မဟုတ်သောကြောင့် ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ ဖတ်စာအုပ်ကြေးစသောကုန်ကျငွေအားလုံး မိမိဘာသာ ကုန်ကျပေးဆောင်ရမည်။

## 4-1 ကျောင်းတက်ရန်အတွက်

အထက်တန်းကျောင်းတက်ရန်အတွက် အထက်တန်းကျောင်းတိုင်း၏ ဝင်ခွင့်စာမေးပွဲကို အောင်မြင်အောင်ဖြေရမည်။ ကျောင်းပညာတော်ပြီး တစ်ခုသောအားကစား၊အနုပညာတွင်တော်ပါက အင်တာဗျူးသာဖြေ၍ ကျောင်းဝင်ခွင့်ရသည် ထောက်ခံခြင်းဖြင့်ကျောင်းဂင်ခွင့်ရစနစ်ရှိသောကျောင်းလည်းရှိသည်။ နိုင်ငံခြားသားများအတွက် သီးသန့် ကျောင်းဂင်ခွင့်ပေးသောကျောင်းသားဦးရေကို သတ်မှတ်ပေးထားသည့်ကျောင်းများလည်းရှိသည်။ ကျောင်းတက်ရန်ရည်ရွယ်ထားသည့် အတက်တန်းကျောင်းသို့ စုံစမ်းမေးမြန်းပါ။

## 4-2 အရည်အချင်း

ဂျပန်၏အလယ်တန်းကျောင်းပြီးမည်ဖြစ်ကြောင်း၊အလယ်တန်းကျောင်းပြီးသည့်အရည်အချင်းနှင့်တူညီသောပညာအရည်အချင်းရှိပါကအထက်တန်းကျောင်းဝင်ခွင့်စာမေးပွဲဖြေနိုင်သည်။နိုင်ငံခြား၏အလယ်တန်းကျောင်းပြီးကြောင်းထောက်ခံစာလိုအပ်သည်။

## 4-3 အလယ်တန်းကျောင်းပြီးဆုံးကြောင်းစစ်ဆေးမှုစာမေးပွဲ

အလယ်တန်းကျောင်းပြီးဆုံးသည့်ပညာအရည်အချင်းရှိမရှိစစ်ဆေးသည့် နိုင်ငံမှ ပြုလုပ်သောစာမေးပွဲဖြစ်သည်။ စာမေးပွဲအောင်မြင်ပါက အထက်တန်းကျောင်းတက်ခွင့် (စာမေးပွဲဖြေခွင့်)ပေးသည်။ နိုင်ငံခြားသားဖြစ်သော်လည်း ၃လပိုင်း၃၁ရက်နေ့အထိအသက်၁၅နှစ်အထက်ဖြစ်ပါကမည်သူမဆိုစာမေးပွဲဖြေနိုင်သည်။